၉ယာကုပ်သည် ပါဒနာရံအရပ်မှ ပြန်လာသောနောက်၊ တဖန် ဘုရားသခင်ထင်ရှား၍ ကောင်းကြီး
ပေးတော် မူပြီးလျှင်၊ ၁၀သင်သည် ယခုယာကုပ်အမည်ရှိ၏။ နောင်၌ သင်၏အမည်ကို ယာကုပ်ဟူ၍မခေါ်ရ။
ဣသရေလဟူ၍ ခေါ်ရမည်ဟု မိန့်တော်မူလျက်၊ ဣသရေလအမည်ဖြင့် သမုတ်တော်မူ၏။ ၁၁တဖန်
ဘုရားသခင်က၊ ငါသည် အနန္တ တန်ခိုးရှင် ဘုရားသခင်ဖြစ်၏။ တိုးပွားများပြားလော့။ လူတမျိုးမက၊ အမျိုးမျိုး
တို့သည် သင်၌ဖြစ်ကြလိမ့်မည်။ ရှင်ဘုရင်တို့သည် သင်၏အမျိုးအနွယ်၌ ဖြစ်ကြလိမ့်မည်။ ၁၂အာဗြဟံနှင့်
ဣဇာက်အား ငါပေးသောမြေကို သင်နှင့် သင်၏အမျိုးအနွယ်အား ငါပေးမည်ဟု မိန့်တော်မူ၏။ ၁၃ထိုသို့
ယာကုပ်နှင့်နှုတ်ဆက်၍ မိန့်မြွက်တော်မူရာ အရပ်မှ၊ ဘုရားသခင် တက်ကြွတော်မူ၏။ ၁၄ဘုရားသခင်
နှုတ်ဆက်၍ မိန့်တော်မူရာ အရပ်၌၊ ယာကုပ်သည် ကျောက်တိုင် ကိုစိုက်၍၊ ကျောက်ဖျာပေါ်၌
သွန်းလောင်းရာ ပူဇော်သက္ကာကိုငင်း၊ ဆီကိုငင်း လောင်းလေ၏။ ၁၅ဗျာဒိတ်တော်ကို ခံရသော ထိုအရပ်ကို
လည်း၊ ဗေသလဟူ၍ တဖန် သမုတ်ပြန်လေ၏။

၁၆ထိုနောက်တဖန် ဗေသလအရပ်မှ ခရီးသွားပြန်၍၊ ဖေရတ်မြို့နှင့်နီးသောအခါ၊ ရာခေလသည်
သားဘွား အံ့သောအချိန် ရောက်၍၊ ပြင်းစွာသော ဝေဒနာကိုခံရ၏။ ၁၇ထိုသို့ ပြင်းစွာ ခံနေရစဉ်တွင်၊
ဝမ်းဆွဲက၊ မစိုးရိမ်နှင့်၊ သားယောက်ျားကို ရပြီဟုဆိုလေ၏။ ၁၈ရာခေလလည်း သေအံ့ဆဲဆဲရှိ၍၊ နံဝိညာဉ်ထွက်
စဉ်အခါ၊ ထိုသားကို ဗေနောနိအမည်ဖြင့် မှည့်လေ၏။ အဘမူကား၊ ဗယ်္ယာမိန်အမည်ဖြင့်မှည့်သတည်း။
၁၉ရာခေလသေ၍၊ ဗက်လင်အမည် ရှိသော ဖေရတ်မြို့သို့သွားသောလမ်းခရီးတွင်၊ သင်္ဂြိုဟ်ခြင်းကိုခံလေ၏။
၂၀ယာကုပ်လည်း၊ သင်္ချိုင်းပေါ်မှာ မှတ်တိုင် စိုက်လေ၏။ ထိုမှတ်တိုင်ကား၊ ယနေ့တိုင်အောင် ရာခေလ၏
သင်္ချိုင်းမှတ်တိုင် ဖြစ်သတည်း။

၂၀ဣသရေလသည် တဖန်ခရီးသွားပြန်၍၊ ဒေလင့်စင်ကိုလွန်ပြီးမှ တဲကိုဆောက်လေ၏။ ၂၂ထိုအရပ်၌
နေသောအခါ၊ ရုဗင်သည် သွား၍အဘ၏ မယားငယ်၊ ဗိလဟာနှင့်အိပ်လေ၏။ ထိုသတင်းကို ဣသရေလ
ကြား၏။

၂၃ယာကုပ်သား တကျိပ်နှစ်သားရှိ၏။ လေအာတွင်မြင်သောသားကား၊ ယာကုပ်၏သားဦးရုဗင်၊
အစရှိ သောရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ဇာဗုလုန်တည်း။ ၂၄ရာခေလသားကား၊ ယောသပ်နှင့်
ဗယ်္ယာမိန်တည်း။ ၂၅ယာခေလ၏ကျွန်မ ဗိလဟာသားကား၊ ဒန်နှင့်နာဿလိတည်း။ ၂၆လေအာ၏ကျွန်မ
ဇိလပသားကား၊ ဂဒ်နှင့် အာရှာတည်း။ ဤသူတို့ကား၊ ပါဒနာရံပြည်၌ ဘွားမြင်သော ယာကုပ်၏
သားများတည်း။

၂၇ထိုနောက် ယာကုပ်သည် အာဗြဟံနှင့် ဣဇာက်တည်းခိုရာ မံရေအရပ်၊ ဟေဗြုန်မြို့တည်းဟူသော
ကိရယသာဘမြို့၌နေသော၊ အဘဣဇာက်ထံသို့ ရောက်လေ၏။ ၂၈ဣဇာက်အသက်သည် အနှစ်တရာ
ရှစ်ဆယ် နှင့် ပြည့်စုံသည်ရှိသော်၊ ၂၉အသက်ကြီးရင့်က၊ ကာလပြည့်စုံရာ၌ အသက်ချုပ်၍ အနိစ္စဖြစ်သဖြင့်၊
မိမိလူမျိုး စည်းဝေးရာသို့ ရောက်လေ၏။ သားသေသောနှင့်ယာကုပ်တို့သည် သင်္ဂြိုဟ်ကြ၏။

## ၃၆

၁ဧဒုံအမည်ရှိသော ဧသောအမျိုးအနွယ်၏ အတ္ထုပ္ပတ္တိများဟူမူကား၊ ၂ဧသောသည် ဟိတ္တိအမျိုး
ဧလုန်၏ သမီးအာဒတယောက်၊ ဟိဝိအမျိုး ဇိဘောင်သားအာနရ၏ သမီး အဟောလိဗာမတယောက်၊
ခါနာန်အမျိုးသမီး နှစ်ယောက်နှင့်ငင်း၊ ဣရှမေလသမီးတည်းဟူသော နာဗာရုတ်နှမ ဗာရှမတ်တယောက်
နှင့်ငင်း အိမ်ထောင်လေ၏။ ၄ဧသောမယား အာဒဘွားသောသားကား၊ ဧလိဖတ်၊ ဗာရှမတ်ဘွားသော
သားရွေလတည်း။ ၅အဟောလိဗာမ ဘွားသောသားကား၊ ယုရှ၊ ယာလံ၊ ကောရတည်း။ ဤသူတို့ကား၊
ခါနာန်ပြည်၌ ဧသောမြင်သောသားတည်း။

၆ဧသောသည် မယားသားသမီးနှင့်တကွ၊ အိမ်သူအိမ်သားအပေါင်းတို့ကိုငင်း၊ သိုးနွားစသည်တို့နှင့်
တိရစ္ဆာန်ရှိသမျှတို့ကိုငင်း၊ ခါနာန်ပြည်၌ရတတ်သောဥစ္စာ ရှိသမျှတို့ကိုငင်း ယူ၍၊ ညီယာကုပ်ထံမှပြောင်းသွား

